ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ၂ /၂၀၂၀
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၂၀ ပြည့်နှစ် ပြက္ခဒိန်နှစ်အတွက် လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာ (Sale Centre) တွင် ရောင်းချရန်မော်တော်ယာဉ်တင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည် –

(က) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်မည့် ကုမ္ပဏီသည် တဖက် ကုန်ရောင်းသည့်ကုမ္ပဏီနှင့် Agreement ချုပ်ဆိုရမည်။

(ခ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်မည့် ကုမ္ပဏီသည် တဖက် ကုန်ရောင်းသူနှင့် ချုပ်ဆိုထားသည့် Agreement ကို တင်ပြ၍ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

(ဂ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေသိန်း (၅၀၀) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် သီးခြား ငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာ (Sale Center) တွင် ရောင်းချ မည့် မော်တော်ယာဉ်များကိုတင်သွင်းရာတွင် LC (Letter of Credit) ငွေလွှဲ စာတမ်းဖြင့် ပေးချေသည့်စနစ် သို့မဟုတ် TT (Telegraphic Transfer) ကြေးနန်းငွေလွှဲ ပို့နည်း စနစ်ဖြင့် တင်သွင်းနိုင်သည်။

(င) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်း ကာလအတွင်း ရန်ကုန်ဆိပ်ကမ်းအရောက် တင်သွင်းရမည်။

(စ) လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ်အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများ၏ အခါအားလျော်စွာထုတ်ပြန်သည့် သတ်မှတ်အရေအတွက်အတိုင်းသာ တင်သွင်းရမည်

ဖြစ်ပြီး မော်တော်ယာဉ်ဥပဒေအရ နှစ်စဉ်အတည်ပြုထုတ်ပြန်သော မော်တော်ယာဉ် အမျိုးအစားများနှင့် မော်ဒယ်နှစ်များအတိုင်းသာတင်သွင်းရမည်။

(ဆ) တင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ် အရောင်းစင်တာတွင်သာ ထားရှိရမည်။ ယင်းအရောင်းစင်တာမှအပ ဝယ်သူအား ရောင်းချခြင်းမပြုမီလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

(ဇ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင် သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။ လုပ်ငန်းလုပ်ကိုင်ခွင့် မရရှိမီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းသုံး မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ထားခြင်းနှင့်ပတ်သက်၍ မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် (၆) လ ယာယီသက်တမ်းခွင့်ပြုမည်။

(ဈ) အရောင်းစင်တာဖွင့်လှစ်မည့် နေရာသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသောအဖွဲ့အစည်းများ၏ အခါအားလျော်စွာထုတ်ပြန်သောစံနှုန်းသတ်မှတ်ချက်များအတိုင်းလိုက်နာဆောင်ရွက်ရ မည်။

(ည) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာအကျယ်အဝန်းသည် အနည်းဆုံး စတုရန်းပေ (၈၀၀၀) ရှိရမည်။

(ဋ) အရောင်းစင်တာများမှ ရောင်းချသည့်မော်တော်ယာဉ်များအား စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ် လျှောက်ထားပြီးမှသာ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ခြင်းဆောင်ရွက်ရမည်။

(ဌ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီအနေဖြင့် အရောင်းစင်တာအတွက် ခွင့်ပြုထားသောတင်သွင်းခွင့်လိုင်စင်ကို တစ်စုံတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(ဍ) လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာဖွင့်လှစ်သည့် ကုမ္ပဏီအနေဖြင့် Normal LC or TT စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များအား ( ၂ ) နှစ်အတွင်း အပြီးရောင်းချ စာရင်းရှင်းလင်းခြင်းဆောင်ရွက်ရမည်။

(ဎ) တင်သွင်းခဲ့သည့် မော်တော်ယာဉ်များရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန် စာရင်းရှင်းလင်းခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်း များနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကိုအပြီးသတ် ဆောင်ရွက်ပြီးပါက အပ်နှံထားသော အာမခံငွေ (Deposit) မြန်မာကျပ်ငွေသိန်း (၅၀၀) အား ပြန်လည်ထုတ်ယူနိုင်သည်။

(ဏ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ ထားရှိရမည့် စာရွက်စာတမ်း၊ လယ်ဂျာစာရင်း

စာအုပ်စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ တာဝန်လွှဲအပ်သည့် အဖွဲ့အစည်းမှဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာ လုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(တ) အရောင်းစင်တာလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို အနည်းဆုံး သက်တမ်းမကုန်မီ (၁) လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

(ထ) ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်လိုပါက Downtown Area ၏ ပြင်ပတွင် ဖွင့်လှစ်ခွင့်ပြုပါမည်။

၃။ ပြုပြင်ပြီး (Reconditioned) မော်တော်ယာဉ်များတင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ကိုက်ညီအောင်ပြုပြင်ထားသည့် မော်တော်ယာဉ်များကိုသာတင်သွင်းရမည်-

(က) လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်း အပါအဝင် အကောင်းပကတိ ပြည့်စုံကြောင်းစစ်ဆေးပြီး၊ တပ်ဆင်ပြီးသော အင်ဂျင်ဖြစ်ရမည်။ (The engine must be tested and checked including the replacement of necessary parts, whether it is in good condition and completely adjusted or not.)

(ခ) လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်း အပါအဝင်အပြည့်အဝ ဘေးအန္တရာယ်ကင်းရှင်းရန် ဘရိတ်များမှအစ အသေးစိတ် စစ်ဆေးပြီး ပြန်လည်ပြင်ဆင်ထားသည့် ယာဉ်အောက်ပိုင်းဖြစ်ရမည်။ (The Chassis, including the break and necessary parts, must be overhauled and repaired for accident prevention.)

(ဂ) ပြီးပြည့်စုံသည့် အနေအထားသို့ရောက်သည်အထိ ဆေးသုတ်ပြုပြင်ထားသော ယာဉ်ကိုယ်ထည်ဖြစ်ရမည်။ (The body of vehicle must be completely repaired and painted.)

(ဃ) ယာဉ်အတွင်းပိုင်းသန့်ရှင်းရမည်။ (The interior of the vehicle must be cleaned.)

(င) ဘက်ထရီနှင့် တာယာများအသစ်ဖြစ်ရမည်။ (New battery and new tyres must be installed.)

(စ) သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ထားသောစံချိန်စံညွှန်းကိုက်ညီရမည်။ (ဥပမာ - လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ အငှားယာဉ်တက္ကစီ) (The vehicle must be in conformity with the required standards prescribed by relevant agencies or ministries.( eg. Ambulance, fire engine, taxi…))

၄။ အထက်အပိုဒ် ၂ နှင့် ၃ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ဥပဒေစည်းမျဉ်းများအပြင် အခြားတည်ဆဲဥပဒေ စည်းမျဉ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

(ပုံ) ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက - ၁၁/ ၂ - ၁၈ / ၂၀၂၀ ( ၂၅ )
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံတရားဝင်အသိအမှတ်ပြုမော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း

ဥက္ကဋ္ဌ ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းများထံထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

အောင်စိုး

အမြဲတမ်းအတွင်းဝန်